Interim Executive Council
Karenni State

# ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ (၆)လတာအတွင်း လုပ်ငန်းဆောင်ရွက်မှုအပေါ် အစီရင်ခံခြင်း

ဩဂုတ်လ ၂၀၂၆





Contact - Email: Karenni-IEC2023@protonmail.com
Signal number:+66636870154
Facebook: https://www.facebook.com/InterimExecutiveCouncilofKarenniState

## နိဒါန်း

ဤအစီရင်ခံစာသည် ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၆ ခုနှစ် ပထမ ၆ လပတ်အတွင်း ဆောင်ရွက်ခဲ့သော မူဝါဒများ၊ စီမံကိန်းများနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်သည့် တိုးတက်အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် အနာဂတ်လုပ်ငန်း ဦးတည်ချက်များကို ပြည်သူလူထုထံ ပွင့်လင်းမြင်သာစွာ တင်ပြရန် ရည်ရွယ်၍ ထုတ်ပြန်ခြင်းဖြစ်ပါ သည်။

အစီရင်ခံစာကာလအတွင်း ကရင်နီပြည်သည် လူမှုရေး၊ စီးပွားရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရသော်လည်း ကရင်နီပြည်သူများ၏ လိုအပ်ချက်များကို ဦးစားပေးကာ အခြေခံဝန်ဆောင်မှုများ ပိုမိုတိုးတက်အောင်ကောင်းမွန်လာစေရေး၊ ကြားကာလ အုပ်ချုပ်ရေးကောင်စီ၏ ဌာနဆိုင်ရာများ စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ပြည်သူ လူထုပါဝင်သော အုပ်ချုပ်ရေးစနစ် တည်ဆောက်ရေးတို့ကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

ပြည်သူလူထု၏ ယုံကြည်မှုနှင့် ပူးပေါင်းပါဝင်မှုသည် ကောင်းမွန်သောအုပ်ချုပ်ရေး၏ အခြေခံအင်အား ဖြစ်သည်ဟု ယုံကြည်ပါသည်။ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ သည် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ပြည်သူ့ဗဟိုပြုဝန်ဆောင်မှုတို့ကို အခြေခံ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူလူထု၏ အကြံပြုချက်များနှင့် ပူးပေါင်းပါဝင်မှုကို အမြဲကြိုဆိုလျက်ရှိပါသည်။

Interim Executive Council
Karenni State

## ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
## ပြည်ထဲရေးဌာန



ပြည်ထဲရေးဌာနသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် ပြည်သူ့အုပ်ချုပ်ရေးဌာနခွဲ၊ ကရင်နီပြည်ရဲ ဌာနခွဲ၊ လူဝင်မှုကြီးကြပ်ရေးဌာနခွဲနှင့် အရေးပေါ်ကယ်ဆယ်ရေးဌာနခွဲ စသည့် ဌာနခွဲ (၄)တို့ဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထဲရေးဌာနအနေဖြင့် နယ်နမိတ်ချင်းထိစပ်နေသော ပြည်နယ်များ နှင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး အစီအမံရေးဆွဲ ချမှတ်နိုင်ရန် ညှိနှိုင်းခြင်း၊ ပါဝင်ပတ်သက်သော အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်မှု ဆောင်ရွက်ပေးခြင်း၊ ဌာနအတွင်း ဝန်ထမ်းများလိုအပ်သည့် စွမ်းဆောင်ရည် မြှင့်တင်သည့်အစီအစဉ် စီမံဆောင်ရွက်ပေးခြင်းတို့ကိုလုပ်ဆောင်ခဲ့သည်။ ထို့အပြင် အတည်ပြုပြဋ္ဌာန်းထားသော မူဝါဒဥပဒေ၊ နည်းဥပဒေများ အများပြည်သူနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ သိရှိနိုင်ရန် ရှင်းလင်းချပြမှုများကိုလည်း IEC ဦးစီးကောင်စီ၏ လမ်းညွှန်မှုဖြင့် စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။

### (က) ပြည့်သူ့အုပ်ချုပ်ရေးဌာနခွဲ

ပြည်သူ့အုပ်ချုပ်ရေးဌာနခွဲသည် ကရင်နီပြည်သူလူထုနှင့် သက်ဆိုင်သူများအားလုံးပါဝင်သော အုပ်ချုပ်ရေးယန္တရားအား ဖော်ဆောင်လျက်ရှိပြီး ဒေသန္တရအုပ်ချုပ်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းလမ်းညွှန်နှင့်အညီ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်သူ့အုပ်ချုပ်ရေးဌာနခွဲ တာဝန်ရှိသူနှင့်အတူ လိုအပ်သော နည်းပညာများကူညီပံ့ပိုးပေးခြင်းတို့ကိုလုပ်ဆောင်ခဲ့သည်။ မြို့နယ်အုပ်ချုပ်ရေးကော်မတီ/ကောင်စီများ၏ ရုံးလုပ်ငန်းများကို လမ်းညွှန်ကြပ်မတ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

လက်ရှိတွင် PAS-K ကျောင်းဖွင့်လှစ်နိုင်ရေးအတွက် နေရာထိုင်ခင်း၊ အဆောက်အဦးနှင့် သင်ရိုးညွှန်းတမ်းများ အတွက်စီမံ ဆောင်ရွက်လျှက်ရှိသလို၊ မြို့ပြနှင့် ကျေးလက်ဆိုင်ရာ စည်ပင်လက်စွဲကိုလည်း ရေးဆွဲနေပြီး၊ အသွင်ကူးပြောင်းရေးကာလ မရောက်မီအချိန် ရပ်/ကျေး၊ မြို့နယ်အဆင့်များအား ရွေးကောက်ပွဲလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ နှင့်တွေ့ဆုံဆောင်ရွက်ခြင်းများ လုပ်ဆောင်လျှက်ရှိပါသည်။

## (ခ) ကရင်နီပြည်ရဲဌာနခွဲ

ကရင်နီပြည်ရဲဌာနခွဲအနေဖြင့် ၂၀၂၆ ဇန်နဝါရီလမှ ဇွန်လအထိ အမှုပေါင်း(၆၃)မှုကို အရေးယူဆောင်ရွက်ခဲ့ပြီး အဖြစ်အများဆုံးအမှုမှာ မူးယစ်ဆေးဝါးအမှုများဖြစ်ပါသည်။ ၆ လတာအတွင်း အချုပ်သားဦးရေပေါင်း (၁၅၇) ဦးဖြစ်ပြီး ၎င်းတို့အနက် လွဲပြောင်း(၇)ဦး၊ သေဆုံး(၃)ဦး၊ပြစ်ဒဏ်စေ့လွတ်(၄)ဦး၊ အကျဉ်းထောင်ပို့ (၁၀)ဦး၊ အချုပ်သား(၁)ဦး၊ လွတ်ငြိမ်းခွင့်ရအကျဉ်းသား(၄၆)ဦး၊ စီရင်ချက်ချပြီးသော အချုပ်သား(၁၁၇)ဦး၊ ရဲစစ်ဆေးဆဲ(၃)ဦးနှင့် ရုံးစစ်ဆေးဆဲ (၃၇) ဦးတို့ဖြစ်သည်။



မူးယစ်ဆေးဝါးစစ်ဆေးခြင်း



ရပ်ရွာလူထုတွေ့ဆုံမှု
မှတ်တမ်းပုံ



ရပ်ရွာလူထုတွေ့ဆုံမှု
မှတ်တမ်းပုံ



**လူမှုစီးပွားကောက်ယူခြင်း**



**လူမှုစီးပွားကောက်ယူခြင်း**



**လူမှုစီးပွားကောက်ယူခြင်းနှင့်**
**ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်မှု**

ကရင်နီပြည်ရဲဌာနခွဲအနေဖြင့် ယာဉ်စည်းကမ်း/လမ်းစည်းကမ်း လက်ကမ်းစာစောင်ဝေငှမှု (၂)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ လူထုတွေ့ဆုံပွဲ (၄၇)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး တက်ရောက်သူ (၃၃၄၉)ဦးပါဝင်ခဲ့ကြသည်။ KSP အဖွဲ့ဝင်များ အသုံးပြုနိုင်သော နည်း ဥပဒေထွက်ရှိအောင်လုပ်ဆောင်ခဲ့သည်။

- ❖ ၂၀၂၆ ခုနှစ် ဇွန်လ(၃၀)ရက်ထိ အချုပ်သားပေါင်း (၁၅၇)ဦး
- ❖ အချုပ်သားပေါင်း (၁၅၇)ဦးတွင် စီရင်ချက်ချပြီးအကျဉ်းသား (၁၁၇)ဦး
- ❖ ၂၀၂၆ခုနှစ်၊ ၆လပတ်အတွင်း လွတ်ငြိမ်းခွင့်ရသောအချုပ်သား ( ၄၆)ဦး

# ကရင်နီပြည် ရဲဌာနခွဲ၏လုပ်ဆောင်ချက်များ







## (ဂ)လူဝင်မှုကြီးကြပ်ရေးဌာနခွဲ

လူမှုစီးပွားဆိုင်ရာအချက်အလက်များအား ၂၀၂၆ ခုနှစ် ဇန်နဝါရီလ၂ ရက်နေ့မှ စ၍ မေလ ရ ရက်နေ့အထိ မြို့နယ် (၈+၁)တွင် ကောက်ခံခဲ့ပြီး လူမှုစီးပွားဆိုင်ရာ အချက်အလက်များကောက်ခံခြင်းဆိုင်ရာ ပညာပေး ဟောပြောပွဲကို လည်း (၂၁၆)ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

ကောက်ယူရရှိသော လူမှုစီးပွား ဆိုင်ရာအချက် အလက်များကို သက်ဆိုင်ရာဌါနများမှ အသုံးပြုနိုင်ရန်အတွက် မျှဝေပေးသွားရန်ယာထားချက်ရှိပါသည်။

ရှေ့လုပ်ငန်းစဉ်များအနေဖြင့် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်(TBP)လျှောက်ထားမှုနှင့် စာရင်းသွင်းမှုများကို Online တွင် ကြိုတင်ရယူနိုင်ရန်ဆောင်ရွက်သွားပါမည်ဖြစ်ပြီး။ BP-13ဂိတ်မှ ဝင်/ထွက်သွားလာမှုအားလုံးကို ကွန်ပျူတာစနစ်ဖြင့် ကိုယ်ရေးမှတ်တမ်းနှင့် ဓါတ်ပုံမှတ်တမ်းများ သိမ်းဆည်းပြီးသက်ဆိုင်ရာစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်သည်။

## (ဃ) အရေးပေါ်ကယ်ဆယ်ရေးဌာနခွဲ

ပထမ(၆)လပတ်အတွင်း စစ်ရှောင်စခန်း (၂၈)ခုအား အကြိမ်ရေ ၁၅၄ ကြိမ်ဖြင့် ရေဂါလံပေါင်း(၁၄၁၆၀၀) ဝေမျှပေးနိုင်ခဲ့ပြီး၊ ရှေ့တန်းထိခိုက်လူနာများ၊ အရေးပေါ်လူနာများအား ဆေးရုံဆေးခန်းသို့ (၃၉)ကြိမ် ပို့ဆောင်နိုင်ခဲ့ပါသည်။ ရုပ်အလောင်းတူးဖော်ဆယ်ယူခြင်း၊ ရေနစ်အလောင်းကူညီကယ်ဆယ်ခြင်းတို့ကို (၂)ကြိမ်၊ လူထုများထံသို့ မိုင်း အန္တရာယ်အသိပညာပေးခြင်း (၁၆)ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

မိုင်းရှင်းလင်းခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ရေးဆွဲ၍ ဦးစီးကောင်စီသို့တင်ပြခဲ့သည်။ ထို့အပြင် ပန်တိန်းရွာ မိုင်းရှင်းလင်းရေးကို စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ခြင်းအတွက် ဌာနဝန်ထမ်း(၂၀)ဦးအား ယာဉ်မောင်းသင်တန်း(၁)ကြိမ်၊ ဌာနဝန်ထမ်း(၁၄)ဦးအ တွက် ရှေးဦးသူနာပြုစုခြင်းနှင့် လူနာထမ်း မွမ်းမံသင်တန်း(၁)ကြိမ်၊ ရှေးဦးသူနာပြုစုခြင်း၊ မီးဘေး အန္တရာယ်နှင့်အခြားသောဘေးအန္တရာယ်ဆိုင်ရာ လူထု အသိပညာပေး (၁၁)ကြိမ် ပြုလုပ်ခဲ့သည်။

ရှေ့လုပ်ငန်းစဉ်အဖြစ် ဌာနဝန်ထမ်း(၇၀)ဦးအတွက် တန်းမြှင့်သင်တန်းနှင့် ဌာနဝန်ထမ်းများ အရေးပေါ်ကူညီကယ်ဆယ်ဆိုင်ရာ မွမ်းမံသင်တန်း များကိုလည်းလုပ်ဆောင်သွားရန်ရှိပါသည်။

**အောင်မြင်မှုများ**

၁. ကရင်နီပြည်သူ့အုပ်ချုပ်ရေးကျောင်း PAS-K ကျောင်းအတွက် သင်ရိုးညွှန်းတမ်း၊ ကျောင်းဆောက် လုပ်နိုင်ခြင်း၊
၂. ရဲအကယ်ဒမီကျောင်းဖွင့်လှစ်၍ သင်တန်းများ ဖွင့်လှစ်နိုင်ခြင်း၊
၃.ကရင်နီတပြည်လုံးရှိ လူမှုစီးပွားအချက်အလက်ကောက်ယူနိုင်ခြင်း၊
၄..မိုင်းအန္တရာယ်ကင်းရှင်းရေးနှင့် မိုင်းအသိပညာပေး လုပ်ငန်းလမ်းညွှန်ရေးဆွဲနိုင်ခြင်း၊
၅. ပါဝင်ပတ်သက်သည့် stakeholder များကိုပြေလည်အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ခြင်း
၆. အုပ်ချုပ်ရေးနှင့်ပတ်သက်၍ လူထုများနှင့်တွေ့ဆုံ၍ သင်တန်းများပို့ချခြင်းခြင့်အုပ်ချုပ်ရေးဆိုင်ရာ ပိုမိုအားကောင်းအောင်ဆောင်ရွက်နိုင်ခဲ့ခြင်း
၇. အရေးပေါ်စစ်ရှောင်ပြည်သူများ အရေးပေါ်ရွှေ့ပြောင်းနိုင်ခြင်း၊ ရှေ့တန်းရဲဘော်များအား အချိန်မီ ကယ်ဆယ်ပေးပို့နိုင်ခြင်း

ဆက်သွယ်ရန် - Emial: IEC_dept.homeaffairs@protonmail.com
SIngnal number:+66951901790
Facebook: https://www.facebook.com/ieckarenni.doha/

၂၀၂၆ ခုနှစ်၊ ပထမ(၆)လပတ်အတွင်း ပညာရေးဌာနသည် ဌာနဝန်ထမ်းများ၊ မြို့နယ်ပညာရေးဝန်ထမ်းများနှင့် ဆရာ/ဆရာမ စုစုပေါင်း (၄၅၅၅) ဦးရှိဖြင့် ကရင်နီပြည်တွင်းရှိ မြို့နယ်(၁၂)မြို့နယ်တွင် ပညာရေးဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ၊ မိဘပြည်သူများနှင့်ပူးပေါင်း၍ အကောင်အထည် ဖေါ်ဆောင်ရွက်ခဲ့ပါသည်။

## (က) အခြေခံပညာဌာနခွဲ

အခြေခံပညာရေးဌာနခွဲသည် ၂၀၂၅-၂၀၂၆ပညာသင်နှစ်အတွက် ကရင်နီပြည်တွင်းရှိ ကျောင်းပေါင်း (၄၇၀) ကျောင်း၊ ကျောင်းသား/သူ (၅၇၅၈၀) ဦး နှင့် ဆရာ/မပေါင်း (၄၆၁၉) ဦးကို ပံ့ပိုးကူညီခဲ့ပါသည်။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ဆက်လက်ပံ့ပိုးသွားနိုင်ရန် လိုအပ်သောဒေတာအချက်အလက်များကောက်ခံခြင်း၊ ရံပုံငွေရှာဖွေခြင်း၊ အလှူရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ကရင်နီပြည်ရှိ ကျောင်းများ အရည်အသွေးရှိပြီး ပညာရေးစနစ်ပိုမို အားကောင်းလာစေရန်အတွက် လိုအပ်သော နည်းပညာများပံ့ပိုး ပေးခြင်း၊ ဆရာ/မထောက်ပံ့ကြေးပံ့ပိုးခြင်း၊ သင်ထောက်ကူများ ဖြန့်ဝေခြင်း၊ ကျောင်းဆောင် များပြုပြင်မွမ်းမံခြင်း၊ ဒေတာအချက်အလက် အစီရင်ခံခြင်းနှင့်စုဆောင်းခြင်းစနစ်တည်ဆောက်ခြင်း၊ သင်ရိုးညွှန်းတမ်းသင်ရိုးညွှန်တမ်းဆိုင်ရာ ဆွေးနွေးသုံးသပ်ခြင်း၊ ဆရာ/မစွမ်းရည်စံနှုန်းအညွှန်းဘောင်မူကြမ်းရေးဆွဲခြင်း၊ ကျောင်းများစနစ်တစ်ကျလည်ပတ်နိုင်ရန်ကျောင်းလမ်းညွှန်များရေးဆွဲခြင်း၊ အထက်တန်းပြဆရာ/မများ အတွက်အထက်တန်းအဆင့်စွမ်း ရည်မြင့်သင်တန်းများပို့ချပေးခြင်း၊ ကလေးဘေးကင်းလုံခြုံရေးအမှုအခင်းများ ကိုင်တွယ်ဖြေရှင်းနည်းဆိုင်ရာ စွမ်းရည်မြင့်တင်ခြင်းသင်တန်းများပို့ချခြင်း၊ မြို့နယ်ပညာရေးမှူးများအား ဒေသန္တရအဆင့်ပညာရေး စီမံခန့်ခွဲမှု စွမ်းရည်သင်တန်းပို့ချပေးခြင်း၊ ကျောင်းသို့ကွင်းဆင်းလေ့လာရေးပြုလုပ်ခြင်း၊ ပညာရေးဆိုင်ရာအချက် အလက်များကောက်ခံခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာဌာနနှင့်ပူးပေါင်း၍ ကလေးဘေးကင်းလုံခြုံရေးဆိုင်ရာ မူဝါဒမူကြမ်းရေးဆွဲခြင်းနှင့် သင်တန်းများ ပို့ချခြင်းများပြုလုပ်ခဲ့သည်။

## (ခ) အဆင့်မြင့်ပညာဌာနခွဲ

အဆင့်မြင့်ပညာဌာနခွဲမှ တက္ကသိုလ်၊ ကောလိပ်ဆရာ/မ (၁၀၀)ဦးကို ထောက်ပံ့ကြေးပံ့ပိုးပေးခြင်း၊ အဆင့်မြင့်ကျောင်းများ၊ တက္ကသိုလ်၊ကောလိပ်များနှင့် ပူးပေါင်း၍ အဆင့်မြင့်ပညာရေးကောင်စီလမ်း ညွှန်ရေးဆွဲပြီး အဆင့်မြင့် ပညာရေးကောင်စီကိုဖွဲ့စည်းခြင်း၊ အဆင့်မြင့် ပညာရေးမူဝါဒရေးဆွဲခြင်း၊ ကျောင်းသားများနှီးနှောဖလှယ်ပွဲကျင်းပခြင်းစသည့်လုပ်ငန်းများကို ဆောင်ရွက် ခဲ့သည်။

## (ဂ) သက်မွေးပညာဌာနခွဲ

သက်မွေးပညာဌာနခွဲအနေဖြင့် သက်မွေးပညာဆိုင်ရာမူဝါဒမူကြမ်းရေးဆွဲခြင်း၊ သက်မွေးပညာဆိုင်ရာ အချက်လက်များကောက်ခံခြင်းနှင့် သက်မွေးကျောင်းများသို့ကွင်းဆင်းလေ့လာခြင်း၊ ယခင်က ထောက်ပံ့ကူညီထားသော သက်မွေးကျောင်းများနှင့် ပြန်လည်ချိတ်ဆက်မှုများဆောင်ရွက်ခဲ့ပါသည်။

| | | |
|---|---|---|
| ကျောင်းသား/<br>သူ ၅၇၅၈၀ ဦး | အခြေခံဆရာ/မများထောက်ပံ့မှု<br>၄၆၁၉ ဦး | ကျောင်းပေါင်း<br>၄၇၀ ကျောင်း၊ |

(ဃ) စည်းရုံးရေးနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း

ပညာရေးဌာနသည် ကရင်နီပညာရေးစနစ်ပိုမိုခိုင်မာအားကောင်းလာစေရန် လိုအပ်သောနည်းပညာပိုင်းဆိုင်ရာနှင့် ရံပုံငွေပိုင်းဆိုင်ရာပံ့ပိုးကူညီမှုများရရှိရေးအပြင် နိုင်ငံတကာထောက်ခံမှုနှင့် အသိအမှတ်ပြုမှုများရရှိစေရန် အတွက် သက်ဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်းများ၊ အလှူရှင်များ၊ ပညာရှင်များ၊ တက္ကသိုလ်၊ကောလိပ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ပါသည်။ ထို့နည်းတူ မြို့နယ်၊ ပြည်နယ်အတွင်းနှင့် အခြားသောပြည်နယ်များရှိ ပညာရေး အစုအဖွဲ့များနှင့်လည်း အစည်းအဝေးများပြုလုပ်ခြင်း၊ လုပ်ငန်းပိုင်းဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုများပြုလုပ်ခဲ့ပါသည်။

## **ပညာရေးဌာန၏အောင်မြင်မှုများ**

၁။ ဆရာ/မများအတွက် ထောက်ပံ့ကြေးများပံ့ပိုးပေးခြင်း။
၂။ သင်ထောက်ကူများ ဖြန့်ဝေပေးခြင်း။
၃။ ကျောင်းအဆင့်၊ မြို့နယ်အဆင့်တွင် ကလေးဘေးကင်းလုံခြုံရေးအစီအမံလုပ်ငန်းများပိုမိုအားကောင်း စေရန် သင်တန်းများ နှင့် တိုင်ကြားရေးစနစ်များခိုင်မာအောင်တည်ဆောက်နိုင်ခြင်း။
၄။ ဆရာ/မစွမ်းရည်မြှင့်တင်ခြင်းသင်တန်းများပို့ချပေးခြင်း။
၅။ ကျောင်းများပြုပြင်မွမ်းမံခြင်း။
၆။ ဆရာ/မစွမ်းရည်စံနှုန်းအညွှန်းဘောင်ရေးဆွဲခြင်း။
၇။ မြို့နယ်ပညာရေးမှူးများအတွက် စွမ်းရည်မြှင့်သင်တန်းများနှင့်အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း။
၈။ အဆင့်မြင့်ပညာရေးကောင်စီလမ်းညွှန်ရေးဆွဲပြီးစီးခြင်း
၉။ အဆင့်မြင့်ပညာရေးကောင်စီကိုဖွဲ့စည်းခြင်း
၁၀။ အဆင့်မြင့်ပညာရေးမူဝါဒ(မူကြမ်း)ရေးဆွဲခြင်း

ကျန်းမာရေးဌာနသည် ကျန်းမာရေးပညာပေးခြင်း၊ ဖွား/သေစာရင်းများပြုစုခြင်းနှင့် မွေးလက်မှတ်ထုတ်ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှု သတင်းအချက်အလက်များ စုစည်းခြင်း၊ ကုသရေး၊ ပြည်သူ့ကျန်းမာရေး၊ ရောဂါနှိမ်နင်းရေးတို့နှင့်သက်ဆိုင်သောကျန်းမာရေးဝန်ဆောင်မှုများပေးလျှက်ရှိသည်။ ထို့အပြင် ကျန်းမာရေးဌာနအနေဖြင့် Malaria ငှက်ဖျားရောဂါများကုသမှုပေးခြ**င်း၊ ကျော**င်း ကျန်းမာရေး၊ အစာအဟာရပညာပေးများကိုလည်း ပြုလုပ်ပေးခဲ့သည်။

ကျန်းမာရေးဌာနအောက်တွင် ဖွဲ့စည်းခဲ့သည့် မြို့နယ်ကျန်းမာရေးကော်မတီ(၄)ခုကို Dee Baung Khu, Loi Nan Pha, Phun Baw Khun, Ho Ya တို့တွင်ဖွဲ့စည်းခဲ့ပါသည်။

(က)ကုသရေးဌာနခွဲ

ကုသရေးဌာနခွဲမှ ဆေးရုံအဆင့် ကုသရေးဝန်ဆောင်မှုများတွင် အောက်ပါအတိုင်း ကုသပေးနိုင်ခဲ့ပါသည်။
လူနာဦးရေ - ပြင်ပလူနာအသစ် (၂၈,၅၅) ဦးနှင့် လူနာဟောင်းအပါအဝင် စုစုပေါင်း (၆၆၃၄) ဦးကို ကုသပေးနိုင်ခဲ့ပါသည်။





• အတွင်းလူနာ - ဆေးရုံတက်ကုသရသော အတွင်းလူနာ (In-patients) ပေါင်း (၁၁၇၅) ဦး ရှိခဲ့ပါသည်။
• ခွဲစိတ်ကုသမှု - အကြီးစား ခွဲစိတ်မှု (Major Surgeries) (၁၃၅) ကြိမ်နှင့် အသေးစားခွဲစိတ်မှု (Minor Surgeries) (၂၅၇) ကြိမ် ပြုလုပ်နိုင်ခဲ့ပါသည်။

**(ခ)ပြည်သူ့ကျန်းမာရေးဌာနခွဲ**

ပြည်သူ့ကျန်းမာရေးဌာနခွဲ အနေဖြင့် (Primary Health Care) အခြေခံကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးလက်ဒေသများနှင့် စစ်ဘေးရှောင်စခန်းများအရောက် အောက်ပါအတိုင်း ဝန် ဆောင်မှုပေးခဲ့ပါသည်။

•ဆေးခန်းပြသသူ - ပုံသေဆေးခန်း (Fixed Clinic) များတွင်လူနာသစ် ၉၇၅၃ ဦး၊ အသစ်အဟောင်းစုစုပေါင်း လူနာ (၄၀၄၀၀) ဦး လာရောက်ပြသခဲ့ပါသည်။
•နယ်လှည့်ဆေးကုသမှု - Mobile ဆေးကုသရေးအဖွဲ့များဖြင့် လူနာပေါင်း (၁၆၀၅၀) ဦးကို ကုသပေးနိုင်ခဲ့ပါသည်။
•လွှဲပြောင်းလူနာ - အဆင့်မြင့်ဆေးကုသမှုခံယူရန် လိုအပ်သော လူနာ (၆၃၂) ဦးကို သက်ဆိုင်ရာ ဆေးရုံများသို့ လွှဲပြောင်း (Referral) ပေးနိုင်ခဲ့ပါသည်။

### (ဂ)မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှု

ခွဲစိတ်မွေးဖွားခြင်း (LSCS) (၄၉) ဦးနှင့် ရိုးရိုးမွေးဖွားမှု(၄၂၅) ဦးအတွက် ဝန်ဆောင်မှုပေးနိုင်ခဲ့ပါသည်။
The Department provideddelivery services for 49 lower segment cesarean sections (LSCS) and 425 normal vaginal deliveries (NVDs).

### ပြန်လည်ထူထောင်ရေးနှင့် ခြေတုဝန်ဆောင်မှု

Rehab စင်တာတွင် လူနာအသစ် ၂၃ ဦးရှိပြီး စုစုပေါင်းလူနာပေါင်း( ၁၁၄)ဦးရှိပါသည်။ခြေတုလိုအပ်သူ (၂၃) ဦးကို အသစ်တပ်ဆင်ပေးနိုင်ခဲ့ပြီး၊ (၃) ဦးကို ပြုပြင်ပေးနိုင်ခဲ့ပါသည်။ နှစ်သိမ့်ဆွေးနွေးပညာပေးမှုကိုခံယူသောလူနာပေါင်း( ၂၉ )ဦးဖြစ်ပါသည်။

### မွေးစရင်းထုတ်ပေးခြင်းလုပ်ငန်းစဉ်

မွေးစာရင်းထုတ်ပေးခြင်း မြို့နယ် (၁၂) မြို့နယ်တွင် စုစုပေါင်း မွေးလက်မှတ်ထုတ်ပေးထားရှိမှုမှာ ၁၈၄၄ ဦး ဖြစ်သည်။

### အောင်မြင်မှုများ

(KN D/S - Surveillance Pilot Activity / D/S Control / MNCH / Nutrition စသည့် ကျန်းမာရေးကဏ္ဍရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပြီး၊ မြို့နယ် ၄ ခုတွင် မြို့နယ်အဆင့်ကျန်းမာရေးကော်မတီ (THC) ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ကျန်ရှိသော မြို့နယ်များတွင်လည်း ဆက်လက်ဖွဲ့စည်း၍ အကောင်အထည်ဖော်သွားမည် ဖြစ်ပါသည်။

# ကျန်းမာရေးဌာနမှ (၆)လတာကာလအတွင်း ပြည်သူ့ကျန်းမာရေးအတွက်ဝန်ဆောင်ပေးခဲ့မှုများ



ပြန်လည်ထူထောင်ရေးနှင့် ခြေတုဝန်ဆောင်မှု — ၁၁၄ ဦး



ခြေတုလူနာ — ၂၃ ဦး

NEW PROSTHETIC LIMBS

MARKET & IDEATION



၂၉ ဦး — နှစ်သိမ့်ဆွေးနွေးပညာပေးမှုကိုခံယူသောလူနာ



1,844 CERTIFICATES

မွေးစာရင်းထုတ်ပေးခြင်း လုပ်ငန်းစဉ်

**မြို့နယ် (၁၂) မြို့နယ်တွင် စုစုပေါင်း မွေးလက်မှတ်ထုတ်ပေးထားရှိမှုမှာ ၁၈၄၄ ဦး**



474 deliveries

မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှု

**ခွဲစိတ်မွေးဖွားခြင်း (LSCS) (၄၉) ဦးနှင့် ရိုးရိုးမွေးဖွားမှု(၄၂၅) ဦး၊**
**စုစုပေါင်းမွေးဖွားမှု (၄၇၄)ဦး**

ဆက်သွယ်ရန် - Email: IEC_dept.pft@protonmail.com
Signal Number: +66612983805,
Facebook: https://www.facebook.com/ieckarenni.doh/

## (က) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်ဆောင်ရွက်ခြင်း

၂၀၂၆ ခုနှစ်၊ ပထမ(၆)လပတ်အတွင်း အခြေခံစားနပ်ရိက္ခာ ထောက်ပံ့ကူညီပေးရေးလုပ်ငန်းအား ကရင်နီပြည်၊ မြို့နယ်(၆)မြို့နယ်ရှိ စစ်ရှောင်စခန်း(၁၃၁)ခု၊ အိမ်ထောင်စု (၈,၅၉၃)စု၊ လူဦးရေ(၃၂,၈၄၁)ဦးထံ ဆန်(၉,၁၇၄)အိတ်၊ ဆီ(၈,၆၆၂)ဗူးနှင့် ဆား(၈,၇၇၇)ထုတ်ကို ပံ့ပိုးနိုင်ခဲ့သည်။ ကရင်နီပြည်ရှိ မြို့နယ်(၆)မြို့နယ်တွင် စစ်ရှောင်စခန်း ပေါင်း (၅၀)ခုတွင် အိမ်ထောင်စု(၇၄၁)စု၊ ကျား(၂,၈၈၃) ဦး၊ မ(၃,၀၄၄)ဦး၊ ပေါင်း(၅,၉၂၇)ဦးထံ မိုးကာ (၁၈*၁၈)ပတ်လည် (၅၀၆)ထည်နှင့် မိုးကာလိပ် (၁၂,၂၉၄)ပေ တို့ကိုလည်းပံ့ပိုးပေးခဲ့သည်။ နွေရာသီကာလအတွင်း သောက်သုံးရေရှားပါးမှုကိုဖြေရှင်းရန်အတွက် ကေးလျား မြို့နယ်၊ ဒီးဘောင်းခူမြို့နယ်နှင့် ဖယ်ခုံမြို့နယ်(၃) မြို့နယ်တွင် စစ်ရှောင်စခန်းပေါင်း(၄၇)ခု၊ အိမ်ထောင်စု(၄,၁၄၂)စု၊ လူဦးရေ စုစုပေါင်း (၁၆,၈၀၃)ဦးထံ သောက်သုံးရေ(၆၂,၅၀၀)ဂါလံ ဝေပေးနိုင်ခဲ့ပါသည်။






## (ခ)ကရင်နီပြည်နေရပ်စွန့်ခွာရသူများ(IDPs) အခြေအနေ

လက်ရှိအချိန်ထိနေရပ်စွန့်ခွာစစ်ရှောင်ပြည်သူဦးရေ ၁၄၃၇၇၅ ဦး၊ အိမ်ထောင်စုအားဖြင့် ၃၅၆၄၉ စုဖြစ်ပြီး (၇)မြို့နယ်ရှိ စခန်း ၅၁၃ ခုတွင် မှီခိုနေကြသည်။ နေရပ်စွန့်ခွာစစ်ရှောင်ပြည်သူများ၏ စားဝတ်နေရေးတုံ့ပြန်ဖြေရှင်းရာတွင် မြို့နယ်ဒေသန္တရ အုပ်ချုပ်ရေး အဖွဲ့များနှင့် လူမှုအသင်းအဖွဲ့များကြား ဆက်စပ်၍ တုံ့ပြန်ဆောင်ရွက်မှုများကို အချိန်နှင့်တပြေးညီဆောင်ရွက်နိုင်ခဲ့သည်။

## (ဂ)အရပ်သားဘေးကင်းလုံခြုံရေးနှင့် EWER လုပ်ငန်းစဉ်

စစ်ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ် ဆက်စပ်မှုများကြောင့် ရပ်ရွာလူမှုအသိုင်းအဝန်းတွင်အရပ်သားဘေး ကင်းဘေး အန္တရာယ်လျော့ပါးသက်သာရေးနှင့် လုံခြုံမှုရိပ်ဝန်းတည်ဆောက်ရေးတွင် အရေးပါသည့် EWER( Early Warning EarlyResponse) ကနဦးသိရှိခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း အသိပညာပေးမှုများကို မြို့နယ်အဆင့် EWER ကော်မတီထူထောင်ရေးနှင့် အားကောင်းအောင်ဆောင်ရွက်ခြင်းတို့ကြောင့် အရေးပေါ်အခြေအနေများတွင် ရပ်ရွာ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုများ အားကောင်းလာခဲ့ပါသည်။



### အောင်မြင်မှုများ

နေရပ်စွန့်ခွာစစ်ရှောင်ပြည်သူများ၏ စားဝတ် နေရေးတုံ့ပြန်ဖြေရှင်းရာတွင် မြို့နယ်ဒေသန္တရ အုပ်ချုပ်ရေး အဖွဲ့များနှင့် လူမှုအသင်းအဖွဲ့များကြား ဆက်စပ်၍ တုံ့ပြန်ဆောင်ရွက်မှုများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်ခဲ့သည်။

မြို့နယ်အဆင့် EWER ကော်မတီထူထောင်ရေးနှင့် အားကောင်းရေးဆောင်ရွက်ခြင်းတို ကြောင့် အရေးပေါ်အခြေအနေများ တွင် ရပ်ရွာပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုများ အားကောင်းလာပါသည်။

နွေရာသီသောက်သုံးရေ ထောက်ပံ့ပေးနေမှုမှတ်တမ်းပုံ




ဆက်သွယ်ရန် - Email:IEC_dept.humanitarian@protonmail.com
Signal no:+66 955751315
Facebook: https://www.facebook.com/ieckarenni.dohr/

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဌာနသည် စီမံကိန်းများချမှတ်ခြင်း၊ ရသုံးမှန်းခြေများ ညှိနှိုင်းရေးဆွဲခြင်း၊ မျှတသောဘဏ္ဍာငွေခွဲဝေပေးခြင်း၊ အခွန်များကို စနစ်တကျ ကောက်ခံ၍ စီမံခန့်ခွဲခြင်း၊ ပွင့်လင်းမြင်သာစွာ ပြန်လည်ခွဲဝေအသုံးချခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

(က)စီမံကိန်းဌာနခွဲ

ဦးစီးမှူး(၈)ဦးအား TOT training များပြုလုပ်ပေးခြင်းနှင့်၊ ဒေသန္တရစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းလမ်းညွှန်နှင့်အညီ စီမံကိန်းလုပ်ငန်းများ စနစ်တကျရေးဆွဲနိုင်ရန်PFT intensive training များကိုလည်းပြုလုပ်ပေးခဲ့သည်။ ၂၀၂၆ခုနှစ်၊ ပထမ(၆)လပတ်အတွင်း မြို့နယ်ဒေသန္တရ စီမံကိန်းနှင့် ရသုံးမှန်း ခြေရေးဆွဲခြင်းလုပ်ငန်းများ၊ ဘဏ္ဍာရေးအစီရင်ခံစာများ တင်ပြရာတွင် ကူညီပံ့ပိုးနိုင်ရန်အတွက် ဦးစီးမှူး(၈) ဦး အားခန့်အပ်နိုင်ခဲ့သည်။





(ခ) ဘဏ္ဍာရေးဌာနခွဲ

ငွေကြေးသုံးစွဲရမည့် နည်းစနစ်များ၊ စရင်းဇယားထားရှိရမည့် ပုံစံများကို ကွင်းဆင်းကာဆောင်ရွက်ခဲ့သည်။ မြို့နယ်များ၏ ဒေသန္တရစီမံကိန်းနှင့် ရသုံးမှန်းခြေစာရင်းရေးဆွဲခြင်းသင်တန်းကို (၁၁)မြို့နယ်အထိပြုလုပ် ပေးနိုင်ခဲ့ပါသည်။

(ဂ)အခွန်ဌာနခွဲ

အခွန်စနစ် Digitalized ကူးပြောင်းနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ပေးနိုင်ခဲ့ပြီး IEC နှင့် ကရင်နီပြည်တပ်ပေါင်းစုံအခွန်ဆိုင်ရာ (၃)လပတ်ညှိနှိုင်းအစည်းအဝေးကိုလည်းပြုလုပ်ခဲ့ပါသည်။ အခွန်ငွေများကို တပ်ပေါင်းစုအတွက် သော်လည်းကောင်း၊ အဖွဲ့အစည်းနှင့် ဌာနများ၊ မြို့နယ်များ၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအတွက် သော်လည်းကောင်း ပုံမှန်ခွဲဝေချထားပေးခဲ့ပါသည်။

**အောင်မြင်မှုများ**

စီမံကိန်းဌာနခွဲအနေဖြင့် မြို့နယ်များတွင် ကျေးရွာ၊ကျေးရွာအုပ်စုမှအခြေခံသော မြို့နယ်ဒေသန္တရစီမံကိန်းရေးဆွဲခြင်းသင်တန်းနှင့် ရသုံးမှန်းခြေငွေစာရင်းရေးဆွဲခြင်းလုပ်ငန်းစဉ်များကို (၁၁) မြို့နယ် တွင်သင်တန်းပို့ချဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဘဏ္ဍာရေးဌာနခွဲအနေဖြင့် ဌာနဆိုင်ရာများနှင့်မြို့နယ်များ၏ Report များကိုစိစစ်ပေးခြင်း၊ ငွေစာရင်းနှင့်သက်ဆိုင်သော မူဝါဒများ၊ လုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများကို ချပြဆွေးနွေးခြင်းများကိုဆောင်ရွက်ခဲ့ပါသည်။ အခွန်နှုန်းထားများ၊ အခွန်ကင်းလွတ်ခွင့်၊ အခွန်လုပ်ငန်းစဉ်များအပေါ် လိုအပ်ချက်များ ပြင်ဆင်ရန်နှင့် အခွန် စိစစ်ရေးဂိတ်များ စနစ်တကျ လည်ပတ်နိုင်ရန်အတွက် IECနှင့် ကရင်နီတပ်ပေါင်းစုံ (၃)လပတ်အစည်းအဝေးကို ပုံမှန်ပြုလုပ်နိုင်ခဲ့သည်။ အခွန်ငွေများကို တပ်ပေါင်းစုအတွက် သော်လည်းကောင်း၊ အဖွဲ့အစည်းနှင့် ဌာနများ၊ မြို့နယ်များ၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအတွက်သော်လည်းကောင်း ပုံမှန်ခွဲဝေချထားပေးနိုင်ခဲ့ပါသည်။

အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာဌာနသည် ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ အစီအမံပါ ပြဌာန်းချက်များ၊ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ နည်းလမ်းမျိုးစုံဖြင့် အကြမ်းဖက်ခံရသော အမျိုးသမီး(၄၀)နှင့် ကလေး(၁၃)ဦး၊ မူကြိုဆရာ/မ (၆)ဦး ထောက်ပံ့ခြင်းနှင့် ကလေးအာဟာရတိုက်ကျွေးမှု( ၅)ကြိမ် ပြုလုပ်နိုင်ခဲ့သည်။ အထွေထွေလူမှုဖူလုံရေးအတွက် ဖြန့်ဝေမှုတွင် အရေးပေါ်အကူအညီ လိုအပ်သူ (၂၄)ဦး၊ပြည်သူ(၁၄)ဦးကိုလည်းပံ့ပိုးပေးခဲ့သည်။ အမျိုးသမီးနားခိုရာလုံခြုံအိမ် တွင်လာရောက်ခိုလှုံသူ(၅)ဦးနှင့် ကလေး သူငယ်ပြုပြင်ထိန်းသိမ်းရေးစင်တာတွင်(၅)ဦး ဝန်ဆောင်မှုရယူခဲ့ကြသည်။ (၆)လ တာကာလအတွင်း မြို့နယ် (၁၃)မြို့နယ်တွင် သင်တန်းပေါင်း (၇၃)ကြိမ်ပြုလုပ်ပေးခဲ့ပြီး အမျိုးသား ၆၁၃ ဦး ၊ အမျိုးသမီး ၁၁၅၀ နှင့် LGBTQ+ ၂၆ ဦးပါဝင်တက်ရောက်ခဲ့ကြသည်။

ဌာနဆိုင်ရာများနှင့်မြို့နယ် ဒေသန္တရအုပ်ချုပ်ရေးများအကြား လုပ်ပိုင်ခွင့်များနှင့်လုပ်ငန်းကဏ္ဍများပေါင်းစပ်ညှိနှိုင်းခြင်းအတွက် လုပ်ငန်းလမ်းညွှန်ရေးဆွဲခြင်း၊ လုပ်ပိုင်ခွင့်များနှင့်လုပ်ငန်းကဏ္ဍများပေါင်းစပ်ညှိနှိုင်း အစည်းအဝေး များကိုလည်း ပြုလုပ်ခဲ့ပြီး (အမျိုးသမီးနှင့်ကလေး၊ လူ/စာပြန် ဌာန၊ ကျန်းမာရေး၊ တရားရေးဌာန၊ KSP တို့နှင့်ပူးပေါင်းလုပ်ဆောင်ခဲ့သည်။ ထို့အပြင်ကရင်နီအမျိုးသမီးအကယ်ဒမီ ကျောင်းကိုလည်း အောင်မြင်စွာဖြင့် ဖွင့်လှစ်နိုင်ခဲ့သည်။

**(က) အမျိုးသမီး နှင့် ဂျဲန်ဒါဌာနခွဲ**

အမျိုးသမီးနှင့် ဂျဲန်ဒါဌာနခွဲသည် မူဝါဒနှင့်လုပ်ငန်းလမ်းညွှန်များ (ဂျန်ဒါမူဝါဒ မူကြမ်း၊ PSEA, SoPs for KSP, Public Administration, Justice) တို့ကိုပြုစုရေးသားခဲ့သည်။ မြို့နယ်အဆင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှု တုန့်ပြန်ဆောင်ရွက်သည့် ယာယီကော်မတီ အတွက် လုပ်ငန်းလမ်းညွှန်ရေးဆွဲကာ ကော်မတီ ကို (၁၁) မြို့နယ်တွင် ဖွဲ့စည်းခဲ့ပြီး ကော်မတီဝင် များအား စွမ်းရည်မြှင့်သင်တန်းများ ဆောင်ရွက်ပေးခဲ့သည်။ထို့အပြင် နည်းလမ်းမျိုးစုံဖြင့် အကြမ်းဖက်ခံရသော အမျိုးသမီး များနှင့် လုံခြုံအိမ် တွင်လာရောက် ခိုလှုံသော အမျိုးသမီးများကိုလည်း စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်ဆွေးနွေးပေးပြီး လိုအပ်ချက် များအပေါ် သက်ဆိုင်ရာ တရားရေးဌာန၊ကရင်နီပြည်ရဲတပ်ဖွဲ့(KSP)၊ ကျန်းမာရေးဌာန ၊ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ် ရေးများနှင့် ချိတ်ဆက်ကာ ဝန် ဆောင်မှုများကို ပံ့ပိုးပေးပြီး လုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်လျှက်ရှိပါသည်။


Contact - Email- IEC_dept_womendandchild@protonmail.com
Signal Number- +66613741983
Facebook: https://www.facebook.com/ieckarenni.dowc/




**(ခ) ကလေးသူငယ် ရေးရာဌာနခွဲ**

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့်ဘေးကင်းလုံခြုံရေးဆိုင်ရာမူဝါဒ နှင့် မြို့နယ်အဆင့် ကလေး သူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီလုပ်ငန်းလမ်းညွှန်များကိုရေးဆွဲလျက်ရှိသည်။ကိုယ်ဝန်ဆောင် မိခင်နှင့် ကလေးကဏ္ဍ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့်ပြန်လည်ထူထောင်ရေးစင်တာ၊ ကလေးအမှု တုန့်ပြန်ဆောင်ရွက်ခြင်း၊ မူကြိုကဏ္ဍ တို့အတွက် အစီအမံများရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည်။ ထို့အပြင် ကိုယ်ဝန်ဆောင်မိခင် ၊ နို့တိုက်မိခင် ၊သက်ကြီးရွယ်အိုများအားထောက်ပံ့ပေးခြင်း နှင့် သင်တန်းများ၊စကားဝိုင်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကိုလည်းပြုလုပ်ပေးခဲ့သည်။

**(ဂ)စီမံ ဘဏ္ဍာဌာနခွဲ**

Asset & Inventory စာရင်းများ မှတ်တမ်းတင်ခြင်း၊ လစ်လပ်ရာထူးနေရာများတွင် ဝန်ထမ်းများခန့်ထားခြင်း၊ ဌာန၏ ဝင်စာထွက်စာမှတ်တမ်းတင်ခြင်း၊ စီမံချက်ငွေစာရင်းရှင်းတမ်းများကို သက်ဆိုင်ရာ အလှူရှင်များထံသို့ပေးပို့ခြင်း၊ ရသုံးမှန်းခြေငွေစာရင်းရေးဆွဲခြင်းနှင့် ရှင်းတမ်းများဆောင်ရွက်ခြင်း၊ စီမံကိန်းများအတွက် ရသုံးမှန်းချေငွေ ဘတ်ဂျက်များအား ရေးဆွဲခြင်း တို့ကိုပြုလုပ်ခဲ့သည်။

**(ဃ) သုတေသနနှင့် အချက်အလက်စီမံ ခန့်ခွဲရေးဌာနခွဲ**

ဒေတာစနစ်တည်ဆောက်ခြင်း၊ သက်ဆိုင်ရာ ဌာနခွဲများမှ လုပ်ငန်းအကောင်ထည်ဖော်ဆောင်ရွက်မှုများအား မှတ်တမ်း တင်ခြင်း၊ ဒေတာ အချက်အလက်များထုတ်ပြန်ခြင်း၊ နည်းပညာဆိုင်ရာများ ပံ့ပိုးကူညီခြင်း၊ ဆက်သွယ်ရေးဆိုင်ရာ(Facebook page, signal..)များအပံ့အပိုးပေးခြင်းနှင့် အခြားဌာနခွဲ၏လုပ်ငန်းများအား စောင့်ကြည့်အကဲဖြတ်ခြင်း တို့ကိုလုပ်ဆောင်ခဲ့သည်။

**အမျိုးသမီးနှင့်ကလေးသူငယ်ရေးရာဌာန၏အောင်မြင်မှုများ**

·မြို့နယ်အဆင့်ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုနှင့်ပတ်သက်၍တုန့်ပြန်ကူညီဆောင်ရွက်နိုင်ရန်အတွက်မြို့နယ်အဆင့် လုပ်ငန်းလမ်းညွှန်ရေးဆွဲ ပြီးစီးခြင်း၊

· မြို့နယ်အဆင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းလမ်းညွှန် ရေးဆွဲပြီးစီးခြင်း၊

·ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးစင်တာ လုပ်ငန်းလမ်းညွှန်နှင့် ကော်မတီ လုပ်ငန်းလမ်းညွှန် ရေးဆွဲပြီးစီးခြင်း၊

· မူဝါဒ(မူကြမ်း)များ ပြုစုရေးသာရာတွင် ဌာနမှ တာဝန်ယူဦးဆောင် အကောင် အထည်ဖော် ဆောင်ရွက်နိုင်ခြင်း၊

· မြို့နယ်အဆင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု တားဆီးကာကွယ်ရေး ကော်မတီအား မြို့နယ် (၁၁)မြို့နယ် တွင် ဖွဲ့စည်းနိုင်ခဲ့ခြင်း၊

· မြို့နယ်(၁၂)မြို့နယ်အတွက် စေတနာ့ဝန်ထမ်းများ မွေးထုတ်ထားရှိနိုင်ခြင်း၊

· ကရင်နီအမျိုးသမီးသင်တန်းကျောင်း အပတ်စဉ်(၁)မှ အမျိုးသမီး(၂၁)ဦးအားမွေးထုတ်ပေးနိုင်ခဲ့ခြင်း၊



ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
တရားရေးဌာန



တရားရေးဌာနအား ဥပဒေရေးရာ ကြီးကြပ်မှုဌာနခွဲ၊ အကျင့်စာရိတ္တပြုပြင်ရေးနှင့် ပြန်လည်ထူထောင်ရေးဌာနခွဲ၊ စီမံဘဏ္ဍာဌာနခွဲ ဟူ၍ ဌာနခွဲသုံးခုဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိပါသည်။

**(က) စီမံ/ဘဏ္ဍာဌာနခွဲ**

လပတ်အစည်းအဝေးများကျင်းပခြင်း၊လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ တက်ရောက်ခြင်း လူထုနှင့်တွေ့ဆုံပြီး ဥပဒေ အသိပညာပေးပြုလုပ်ခြင်းများ (၅)ကြိမ် ပြုလုပ်နိုင်ခြင်း၊ဝန်ထမ်းမွမ်းမံသင်တန်းများ တက်ရောက်ခြင်း၊ အကျဉ်းထောင်နှင့် ဥပဒေရုံးများပုံမှန်လည်ပတ်နိုင်ရန်စီမံခန့်ခွဲခြင်းတို့ကိုလုပ်ဆောင်ခဲ့သည်။

**(ခ)ဥပဒေရေးရာကြီးကြပ်မှုဌာနခွဲ**

ဥပဒေရေးရာကြီးကြပ်မှုဌာနခွဲ တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအကြံပေးရေးလုပ်ငန်းများအတွက် ပြည်နယ်ဥပဒေရုံး (၁) ရုံး၊ ခရိုင်ဥပဒေရုံး (၂) ရုံးနှင့် မြို့နယ်ဥပဒေရုံး (၈) ရုံး ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ ဥပဒေရေးရာကြီးကြပ်မှုဌာနခွဲ တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအကြံပေးရေးလုပ်ငန်းများအတွက် ပြည်နယ်ဥပဒေရုံး (၁) ရုံး၊ ခရိုင်ဥပဒေရုံး (၂) ရုံးနှင့် မြို့နယ်ဥပဒေရုံး (၈) ရုံး ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၅ခုနှစ်တွင်လက်ကျန်မှုပေါင်း(၁၃)မှုရှိပြီး ၂၀၂၆ခုနှစ်(၆)လတာအတွင်းအမှုပေါင်း(၇၃)မှုလက်ခံဆောင်ရွက်ခဲ့၍(၅၄)မှုပြီးပြတ်သဖြင့် လက်ကျန်မှုပေါင်း(၃၂)မှုရှိပါသည်။

| စဉ် | အမှုအမျိုးအစား | လက်ကျန်မှု | စွဲဆိုသော အမှု | ပြီးပြတ်မှု | လက်ကျန်မှု | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | လူသတ်မှု | - | ၁ | ၁ | - | |
| ၂ | အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရစွဲဆိုမှု | - | ၁၀ | ၆ | ၄ | |
| ၃ | မူးယစ်ဆေးဝါးဥပဒေအရစွဲဆိုမှု | ၇ | ၂၉ | ၂၄ | ၁၂ | |
| ၄ | မုဒိမ်းမှု | - | ၄ | ၁ | ၃ | |
| ၅ | ရာဇဝတ်အထွေထွေမှု | - | ၁ | ၁ | - | |
| ၆ | ကလေးသူငယ်မှု | - | ၃ | ၂ | ၁ | |
| ၇ | ရာဇသတ်ကြီးအရစွဲဆိုသော အခြားပြစ်မှုများ | ၆ | ၂၄ | ၁၈ | ၁၂ | |
| ၈ | အယူခံ/ပြင်ဆင် | - | ၁ | ၁ | - | |
| | စုစုပေါင်း | ၁၃ | ၇၃ | ၅၄ | ၃၂ | |

## (ဂ) အကျင့်စာရိတ္တပြုပြင်ရေးနှင့် ပြန်လည်ထူထောင်ရေးဌာနခွဲ

အကျင့်စာရိတ္တပြုပြင်ရေးနှင့် ပြန်လည်ထူထောင်ရေးဌာနခွဲ အကျဉ်းဦးစီးလုပ်ငန်းများကို အကျဉ်းထောင်အမှတ်(၁)၊ အကျဉ်းထောင်အမှတ်(၂) နှင့် ထိန်းသိမ်းရေးစခန်း ဟူ၍ နေရာ (၃) ခုတွင် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ အကျဉ်းထောင်များနှင့် ထိန်းသိမ်းရေးစခန်းများမှ အကျဉ်းသားဦးရေစာရင်း -စုစုပေါင်း - ၂၄၇ ဦး ထိန်းသိမ်းစောင့်ရှောက်ထားပါသည်။

## ဥပဒေရေးရာကြီးကြပ်မှုဌာနခွဲမှ အကြံပေးနိုင်ခဲ့သော ဥပဒေမူကြမ်းများနှင့် မူဝါဒများ

ဥပဒေရေးရာကြီးကြပ်မှုထာနခွဲအနေဖြင့် လမ်းညွှန်မူကြမ်းနှင့် ဥပဒေမူကြမ်း (၅)ခုကို စီစစ်နိုင်ခဲ့ပြီး၊(၄)ခုမှ စိစစ်ဆဲနှင့် (၂) ခုကို အကြံပြုပေးခဲ့သည်။

| စဉ် | အကြောင်းအရာ | အရေ အတွက် | မှတ်ချက် |
|---|---|---|---|
| ၁ | မော်တော်ယာဉ်စီမံခန့်ခွဲရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လမ်းညွှန် ဥပဒေမူကြမ်း | ၁ | စိစစ်ဆဲ |
| ၂ | အိမ်ထောင်ရေးဖောက်ပြန်မှုဆိုင်ရာ တားဆီးကာကွယ်ခြင်း ဥပဒေမူကြမ်း | ၁ | စိစစ်ပြီး |
| ၃ | မြို့နယ်/ကျေးရွာအုပ်စုအဆင့် မူခင်းကြိုတင်ကာကွယ်ရေးကော်မတီ လုပ်ငန်းလမ်းညွှန်မူကြမ်း | ၁ | စိစစ်ဆဲ |
| ၄ | မြို့နယ်အဆင့် ကလေးသူငယ်ကာကွယ်စောင့် ရှောက်ရေးကော်မတီလုပ်ငန်း လမ်းညွှန်မူကြမ်း | ၁ | စိစစ်ဆဲ |
| ၅ | ကလေးသူငယ်ထိန်းသိမ်းစောင့်ရှောက်ရေး စင်တာလမ်းညွှန်မူကြမ်း | ၁ | စိစစ်ပြီး |
| ၆ | ဂျဲန်ဒါအခြေပြုအကြမ်းဖက်ခြင်း တုန့်ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းမူကြမ်း | ၁ | စိစစ်ဆဲ |
| ၇ | ရာဇဝတ်ကျင့်ထုံးဥပဒေအား ပြင်ဆင်သည့် ဥပဒေ | ၁ | စိစစ်ပြီး |
| ၈ | ရာဇသတ်ကြီးအားပြင်ဆင်သည့် ဥပဒေ | ၁ | စိစစ်ပြီး |
| ၉ | အရပ်ဖက်စစ်ဖက်ဆိုင်ရာ ယန္တရားဖော်ထုတ်ခြင်း | ၁ | အကြံပြု |
| ၁၀ | အသွင်ကူးပြောင်းကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း | ၁ | အကြံပြု |
| ၁၁ | တရားရေးဆိုင်ရာဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း၊ တရားရေးဆိုင်ရာဂျဲန်ဒါ အခြေပြု အကြမ်းဖက်မှု တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းမူကြမ်း | ၁ | စိစစ်ပြီး |
| | **စုစုပေါင်း** | **၁၁** | |

## အောင်မြင်မှုများ

ဥပဒေအသိပညာပေးခြင်းနှင့် လူထုတွေ့ဆုံပွဲ (၅) ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး ဥဒေမူကြမ်းများ မူဝါဒများ စိစစ်ခြင်း အကြံပြုခြင်းတို့ကိုလည်းလုပ်ဆောင်နိုင်ခဲ့သည်။ ထို့အပြင် လုံခြုံရေးအင်အားမလုံလောက်သော်လည်း အကျဉ်းသားများအား စီမံခန့်ခွဲကာ ထိန်းသိမ်းထားနိုင်ခဲ့သည်။



**ထိန်းသိမ်းရေးစခန်းများ**

**အကျဉ်းထောင်အမှတ်(၁)ရှိ စိုက်ပျိုးခင်းများ**





**အကျဉ်းထောင်အမှတ်(၁)သို့ ကွင်းဆင်းစစ်ဆေးခြင်း**

ဆက်သွယ်ရန် - Email:IEC_dept.justice@protonmail.com
Signal: +66955754693
Facebook: https://www.facebook.com/ieckarenni.doj/



ဆောက်လုပ်ရေးဌာနသည် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူဝါဒများ၊ ဆောက်လုပ်ရေးဌာန၏ မူဝါဒများနှင့်အညီ ဆောက်လုပ်ရေးကဏ္ဍများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကရင်နီပြည် လူမှုဘဝဖွံ့ဖြိုးရေးအတွက် မြေပြင်တွင် အမှန်တကယ်လိုအပ်နေသော လုပ်ငန်းစီမံကိန်းများကို ကွင်းဆင်းတိုင်းတာခြင်း၊ စိစစ်ခြင်းနှင့် ရန်ပုံငွေရှာဖွေခြင်းတို့ကို ဌာနဆိုင်ရာများ၊ မြို့နယ်များနှင့် ပူးပေါင်းကာ ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာအုပ်စုများနှင့် ဌာနဆိုင်ရာအသီးသီးမှ ကူညီတောင်းခံလာသော Estimate & Drawing များကို ကူညီဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။ ယခု ၆ လတာအတွင်း အဆောက်အအုံ ပေါင်း(၁၀)ခုတည်ဆောက်ပြီးစီးခဲ့သည်။

## (က)လမ်းလုပ်ငန်းများ



နမ့်ပိန်းလင်တံတားပြုပြင်ခြင်းနှင့်ယာယီရှောင်လမ်းခင်းခြင်း၊ ရှီးလမ်းခင်းခြင်း၊ ဖွံ့ဘော်ခွတ်မြို့နယ်၊ ထိုခီွဆို-ကူခို့ အကြား မြေသားလမ်းခင်းခြင်းလုပ်ငန်းတို့ကိုလုပ်ဆောင်ခဲ့သည်။



## (ခ)တံတားနှင့် အဆောက်အအုံလုပ်ငန်းများ

ဟိုယာသဘာဝတံတားမြေထိန်းနံရံပြုပြင်ခြင်းကိုလုပ်ဆောင်ခဲ့ပြီး နွေဦးကျန်းမာဆေးရုံ၊ သဘားဖုံကျေးရွာနှင့် ခါးဘယ်ကျေးရွာကြား ထူးချောင်းတံတား၊ကျန်းမာရေးဌာန ဆေးသိုလှောင်ရုံ၊ ဖွံ့ဘော်ခွတ်လမ်းပြုပြင်ထိန်းသိမ်းခြင်း၊ပြည်နယ်တရားရုံး အဆောက်အဦး၊ ဦးစီးကောင်စီရုံး၊ဟိုယာတံတား၊လွိုင်ကော်အရှေ့ခြမ်းလမ်း-တံတားဆောက်လုပ်ခြင်းလုပ်ငန်း၊ နမ့်စံဖူး တံတားပြုပြင်ခြင်းလုပ်ငန်း၊ တော်ခူနှင့် ထိုခီွဆိုလမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းများအတွက် လုပ်ငန်းလမ်းညွှန်းများရေးဆွဲခြင်းနှင့် လုပ်ငန်းနေရာများကိုကွင်းဆင်းတိုင်းတာခြင်းတို့ကိုလုပ်ဆောင်ခဲ့သည်။

ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဌာနအနေဖြင့် ပြည်သူများမွေးမြူရေးလုပ်ငန်း အပေါ်စိတ်ဝင်စားမှု ပိုမိုအားကောင်းလာစေရန်နှင့်စနစ်တကျမွေးမြူရေးကျင့်စဉ်များကျင့်သုံးလုပ်ဆောင်လာစေရန်နှင့် သဘာဝသွင်းအားစုများ ကိုယ်တိုင်ဖော်စပ်ထုတ်လုပ်ခြင်းတွင် စိတ်ဝင်စားမှု ပိုမိုအားကောင်းလာစေရန် လုပ်ဆောင်ပေးနိုင်ခဲ့သည်။

## (က) စိုက်ပျိုးရေးနည်းပညာဌာနခွဲ

ကေပေါင်း ၁၅၅ ကို မျိုးစပါးဖြန့်ဖြူးနိုင်ခဲ့ပြီး၊ မျိုးစေ့ထုတ်စိုက်ခင်း ကေပေါင်း ၁၁ ကေနှင့် စံပြစိုက်ကွက် ကေပေါင်း ၅ ကေကို လုပ်ဆောင်နိုင်ခဲ့သည်။ စိုက်ပျိုးနည်းပညာသင်တန်းပေါင်း( ၅၅)ကြိမ်နှင့် စိုက်ပျိုးရေးပညာပေး(၅)ကြိမ်ဟောပြောနိုင်ခဲ့ပြီး မျိုးစေ့ထုတ်တောင်သူများကိုလည်းမွေးထုတ်ပေးနိုင်ခဲ့သည်။

### စိုက်ပျိုးရေးနည်းပညာဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်ပြီးမှုအခြေအနေ

| စဉ် | မြို့နယ် | အကြောင်းအရာ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | (၈)မြို့နယ် | စိုက်ပျိုးရေးနည်းပညာပေးသင်တန်း | (၅၅) ကြိမ် | ( IEC၊ KSDF ) |
| ၂ | (၁) မြို့နယ် | မျိုးစေ့ထုတ်စိုက်ခင်း | (၁၁) ကေ | IEC |
| ၃ | (၃)မြို့နယ် | မျိုးစပါးဖြန့်ဖြူးခြင်း | (၁၅၅)ကေ | IEC |
| ၄ | (၆) မြို့နယ် | သဘာဝဘိုကာရှီဖြန့်ဖြူးခြင်း | (၂၃၂၀) အိတ် | KSDF |
| ၅ | (၃) မြို့နယ် | စိုက်/မွေး နှင့် ရေအရင်းအမြစ်ဆိုင်ရာ ဒေတာအချက်အလက်ကောက်ယူခြင်း | - | KSDF |
| ၆ | (၃)မြို့နယ် | နှစ်ရှည်/နှစ်တိုပျိုးပင်များဖြန့်ဖြူးခြင်း | (၁၀၃၇)ပင် | IEC |
| ၇ | သဘာဝဘိုကာရှီထုတ်လုပ်ခြင်း | | (၈၁၂၀) အိတ် | ( KSDF၊ UNDP ) |



## (ခ) မွေးမြူရေးနှင့် ကုသရေးဌာနခွဲ




## (ဂ)ဆည်မြောင်းဌာနခွဲ




ဆက်သွယ်ရန် - Email: IEC_dept.ali@protonmail.com
Signal Number- +959428007376
Facebook: https://www.facebook.com/ieckarenni.do

ကုန်သွယ်ရေးလုပ်ငန်းတစ်ရပ်ဖြစ်သော Trade Volume Data များ ကောက်ယူခြင်း၊ ကုန်သွယ်ရေးမူဝါဒမူကြမ်း ထွက်ရှိရန် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒေသ စီးပွားရေး ပြန်လည် ထူထောင် ခြင်းအတွက် မတည်ငွေပေးထားသော လုပ်ငန်းများအား ပြန်လည်စောင့်ကြည့်စစ်ဆေးခြင်း၊ ကရင်နီပြည်နယ်စပ်ကုန်သွယ်ရေးနှင့်လုပ်ငန်းရှင်များအသင်း (Chamber of Commerce)၏ အသင်းဖွဲ့ဆိုင်ရာ စည်းမျဉ်းနှင့်လုပ်ငန်း အစီအစဉ်များ ရေးဆွဲနိုင်ရန် ဆောင်ရွက်ခြင်း၊ သယံဇာတနှင့်သဘာဝပါတ်ဝန်းကျင်လေ့လာစောင့်ကြည့်ရေးနှင့်ပါတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ခြင်း၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းဥပဒေမူကြမ်းထွက်ပေါ်ရေး အတွက်ဆောင်ရွက်ခြင်းတို့ကိုလုပ်ဆောင်ခဲ့သည်။

**(က)ကုန်သွယ်ရေးဌာနခွဲ**

ကရင်နီပြည်နယ် နယ်စပ်ကုန်သွယ်ရေးနှင့် လုပ်ငန်းရှင်များအသင်း (Chamber of Commerce) ဖွဲ့စည်းတည်ထောင်နိုင်ရေးကို ဆောင်ရွက်နိုင်ခဲ့ပြီး၊ အသင်း၏ ဖွဲ့စည်းပုံဆိုင်ရာ စည်းမျဉ်းများနှင့် လုပ်ငန်းဆောင်ရွက်ရေး အစီအစဉ်များကို ရေးဆွဲနိုင်ခဲ့သည်။

**(ခ)ပို့ဆောင်ဆက်သွယ်ရေးဌာနခွဲ**

၂၀၂၆ ခုနှစ် ပထမ ၆ လ ပတ်တွင် ယဉ်( ကား၊ ဆိုင်ကယ်) စုစုပေါင်းအစီးရေ (၅၄)စီး၊ ဌာန ၅ ခုမှ ဝန်ထမ်းများအတွက် ယဉ်မောင်းလိုင်စင် (၈၁)ခုနှင့် လူထုအတွက် ယဉ်မောင်းလိုင်စင်( ၉)ဦးအတွက် လိုင်စင်များထုတ်ပေးခဲ့သည်။

**(ဂ)ရင်းနှီးမြှုပ်နှံမှုဌာနခွဲ**

စီးပွားရေး မတည်ငွေကို လုပ်ငန်း (၅၂) ခုအတွက်ပေးအပ်နိုင်ခဲ့ပြီး (၅)မြို့နယ်တွင် လစဉ် မြို့နယ်အလိုက် လုပ်ငန်းပြန်လည်စောင့်ကြည့်လေ့လာခဲ့သည်။

## မတည်ငွေပေးအပ်မှုများဖြင့် ဝင်ငွေလည်ပတ်နေသည့် အသေးစားစီးပွားများ








### အောင်မြင်မှုများ

- ကုန်သွယ်ရေးနှင့်ပါတ်သက်၍ ပိုမိုကောင်းမွန်သော Data Base & Digitalize Transit စနစ်ဖြင့် ဆောင်ရွက်နိုင်ရန် IT Unit အကူအညီဖြင့် သက်ဆိုင်ရာ ဌာနများနှင့်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။
- အသေးစားစီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်ရန် မတည်ငွေပေးထားသော လုပ်ငန်းများသည် ကောင်းမွန်စွာလည်ပတ်နိုင်သည်။
- ကရင်နီပြည်နယ်စပ်ကုန်သွယ်ရေးနှင့်လုပ်ငန်းရှင်များအသင်း (Chamber of Commerce) အသင်းဖွဲ့ဆိုင်ရာ စည်းမျဉ်းနှင့်လုပ်ငန်းအစီအစဉ်များရေးဆွဲနိုင်ခဲ့သည်။
- ယာဉ်လိုင်စင်/ယာဉ်မောင်းလိုင်စင်များကွင်းဆင်းပြုလုပ်ပေးခြင်းနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်း ဥပဒေမှုကြမ်းရေးဆွဲတင်ပြခဲ့သည်။
- ·KNU ကော်သူးလေနှင့်အခွန်ကောက်ခံမှုစနစ်နည်းပညာများကို မျှဝေခဲ့သည်။

### စီးပွားရေး မတည်ငွေ ပေးအပ်ခြင်းလုပ်ငန်း

လစဉ် မြို့နယ်အလိုက် လုပ်ငန်းပြန်လည်စောင့်ကြည့်လေ့လာသည့် မြို့နယ်များ

| စဉ် | မြို့နယ် | ပံ့ပိုးလုပ်ငန်း အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁ | မယ်စဲ့မြို့နယ်(ရှေ့+နောက်) | 15 | |
| ၂ | ဟိုယာမြို့နယ် | 9 | |
| ၃ | ဒီးဘောင်းခူမြို့နယ် | 10 | |
| ၄ | လွိုင်နန်းဖမြို့နယ် | 8 | |
| ၅ | ဖယ်ခုံမြို့နယ် | 10 | |


ဆက်သွယ်ရန်- IEC@protonmail.com
Signal Number: +66955751828
Facebook: https://www.facebook.com/ieckarenni.dotitc/



လူငယ်ရေးရာဌာနကို ရုံးစီမံခန့်ခွဲရေးနှင့်ဘဏ္ဍာရေးဌာနခွဲ၊ လူငယ်နှင့်နိုင်ငံရေးဌာနခွဲ၊ လူငယ်နှင့်ဖွံ့ဖြိုးရေးဌာနခွဲ၊ လူငယ်နှင့်ပြန်လည် ထူထောင်ရေးဌာနခွဲ၊ လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်းဌာနခွဲ တို့ဖြင့် အကောင်အထည်ဖော်နေပါသည်။ မြို့နယ် (၁၄) မြို့နယ်မှ လူ ငယ်ဦးရေ (၆၆၉၂၇) ဦးရေ လွှမ်းခြုံသော လူငယ်စစ်တမ်းကောက်ယူသည့်အစီအစဉ် ဆောင်ရွက်ပြီးစီးခဲ့ပြီး ဒေတာနှင့် ကရင်နီပြည်လူငယ်ထုအခြေအနေအစီအရင်ခံစာကို ပြည်သူများထံသို့ချပြနိုင်ရန် စီစဉ်လျက်ရှိသည်။



မြို့နယ်အလိုက် လူငယ်စွမ်းရည်မြင့်တင်ရေးအစီအစဉ်များဆောင်ရွက်ခြင်း၊ ပြည်နယ်အလိုက်လူငယ်အစုအဖွဲ့များနှင့် ချိတ်ဆက်ဆောင် ရွက်ပြီး လူငယ်လုပ်ရှားမှုများဆောင်ရွက်ခြင်း၊ နိုင်ငံတကာလူငယ်များနေ့တွင် ကန်ပိန်းပြုလုပ်ရန် ပြည်နယ်အလိုက်လူငယ်များနှင့်တွေ့ဆုံခြင်းနှင့် လူမျိုးစုလူငယ်များနှင့် ပုံမှန်တွေ့ဆုံညှိနှိုင်းမှုအစီအစဉ်များကို ပြုလုပ်လျက်ရှိသည်။ Youth Center project ကိုလည်း မယ်စဲမြို့နယ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်နေသည်။




**(က) လူငယ်နှင့် နိုင်ငံရေးဌာနခွဲ**

လူငယ်ထုတွေ့ဆုံဆွေးနွေးပွဲများ Public Consultation များပြုလုပ်ခြင်း၊ (၃)လတာ လူငယ်နှင့်နိုင်ငံရေး၊ အုပ်ချုပ်ရေး ၊ ခေါင်းဆောင်မှုနှင့် စွမ်းရည်မြင့်တင်ရေး သင်တန်းကို လူငယ်အင်အားစုများနှင့် ပူးပေါင်း ပြီး ဖွင့်လှစ်ခဲ့သည်။ အသွင်ကူးပြောင်းရေးဆိုင်ရာ ဖွဲ့စည်းပုံ အပေါ် လူငယ်အင်အားစုများ၏ အမြင်သဘော ထားများနှင့် အဆိုပြုချက်များကိုထုတ်ဖော်မှုအစီအစဉ်ကို လူငယ်အင်အားစုများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

**( ခ) လူငယ်နှင့်ဖွံ့ဖြိုးရေးဌာနခွဲ**

ကော်သူးလေတွင် ချစ်ကြည်ရေးအားကစားပွဲပြုလုပ်၍ လူငယ်တွေ့ဆုံပွဲပြုလုပ်ခဲ့သည်။(ကရင်နီ၊ ကရင်၊ မွန်၊ ထားဝယ်၊ ပအိုဝ့် အစရှိသောလူငယ် ကျား ၃၀ ၊ မ(၄) ဦးစုစုပေါင်း (၃၅)ဦးပါဝင်ခဲ့ကြသည်။ ထိုင်းနိုင်ငံနယ်စပ်တွင် ချစ်ကြည်ရေးဘော်လုံးပွဲ(၄)ကြိမ်ပြုလုပ်ပေးခဲ့သည်။ လူမျိုးစုလူငယ်များတွေ့ဆုံပွဲ ကျင်းပနိုင်ရန် ကနဦးဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိပါသည်။

လူငယ်များအတွက် ပညာရေးအခွင့်အရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိအောင် Online sharing session များဆောင်ရွက်ပေးနေပါသည်။ လူငယ်နှင့် စွမ်းရည်မြင့်တင်ရေး သင်တန်းများကို ကွေ့လျားမြို့နယ် နှင့် ဒီးမော့ဆိုရှေ့မြို့နယ်တွင် ကျင်းပခဲ့သည်။ လွိုင်နန်းဖ မြို့နယ်တွင် ကျား(၂၀၆) နှင့် မ(၁၄)ဦး စုစုပေါင်း (၂၂၀)ဦးအတွက် MHPSS နှင့် PFA ခေါင်းစဉ်ဖြင့် သင်တန်းပေးခဲ့သည်။




## (ဂ) လူငယ်နှင့် ပြန်လည်ထူထောင်ရေးဌာနခွဲ

ကိုယ်လက်အင်္ဂါပေးဆပ်လူငယ်များအား စိတ်ပိုင်းဆိုင်ရာ ပြန်လည်ကုစားနိုင်ရန်အတွက် သင်တန်းများကို ပြုလုပ်ပေးလျက်ရှိပြီး ကိုယ်လက်အင်္ဂါပေးဆပ်ရဲဘော်များအားလည်း ငွေကြေးထောက်ပံ့မှုအစီ အ စဉ်များအား ဆောင်ရွက်ပေးလျက်ရှိသည်။ လူငယ်နှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးကမ်ပိန်းကို ဖွို့ဘော်ခွတ်မြို့နယ်၊ ကေ့လျားမြို့ နယ်၊ ဒီးမော့ဆိုရှေ့မြို့နယ်နှင့် လွိုင်ကော်မြို့နယ်ရှေ့တွင် ဆောင်ရွက်ခဲ့သည်။







## အောင်မြင်မှုများ

မြို့နယ် (၁၄) မြို့နယ်မှ လူငယ်ဦးရေ (၆၆၉၂၇) ဦးရေလွှမ်းခြုံသောလူငယ်စစ်တမ်းကောက်ယူသည့်အစီအစဉ်ဆောင်ရွက်ပြီးစီးခဲ့သည်။ လူမျိုးစုလူငယ်များနှင့် ပုံမှန်တွေ့ဆုံညှိနှိုင်းမှုအစီအစဉ်များကို ပြုလုပ်လျက်ရှိသည်။ လူငယ်နှင့်နိုင်ငံရေး၊ အုပ်ချုပ်ရေး ၊ ခေါင်းဆောင်မှုနှင့် စွမ်းရည်မြှင်တင်ရေး သင်တန်းကို (၃) လ ဖွင့်လှစ်နိုင်ခဲ့သည်။

အသွင်ကူးပြောင်းရေးဆိုင်ရာ ဖွဲ့စည်းပုံ အပေါ် လူငယ်အင်အားစုများ၏ အမြင်သဘောထားများနှင့်အဆိုပြုချက်များကို ထုတ်ဖော်မှုအစီအစဉ်ကိုလူငယ်အင်အားစုများနှင့်ပူးပေါင်းဆောင်ရွက်ခဲ့သည်။

# ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ
# ကာကွယ်ရေးဌာန

ကာကွယ်ရေးဌာနသည် ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC) ၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ (၆) လတာကာလအတွင်း ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာ လုပ်ငန်းများကို စီမံကိန်းချမှတ်၍ အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ တပ်ပိုင်းဆိုင်ရာ လုပ်ငန်းများတွင် JCS အဖွဲ့ဝင်တပ်ဖွဲ့များ၊ မိတ်ဖက်တော်လှန်ရေးအဖွဲ့အစည်းများနှင့် ပုံမှန်တွေ့ဆုံညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ပြီး တပ်ပေါင်းစည်းရေး၊ စစ်ဆင်ရေးဆိုင်ရာ ညှိနှိုင်းမှုများ၊ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုများနှင့် နယ်မြေအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သုံးသပ်ဆောင်ရွက်နိုင်ခဲ့ပါသည်။





မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ကာကွယ်ရေးဝန်ကြီးဌာန၊ IEC နှင့် သက်ဆိုင်ရာဌာနများအကြား ပုံမှန်တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်နိုင်ခဲ့ပြီး တပ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အမှုအခင်းဆိုင်ရာ ညှိနှိုင်းဖြေရှင်းရေးနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာလာစေရန် အစပြုလုပ်ဆောင်နိုင်ခဲ့သည်။

စစ်ဘက်-အရပ်ဘက် တိုင်ကြားရေးယန္တရား ဖော်ဆောင်ရေးအတွက် အရပ်သားကာကွယ်ရေးဆိုင်ရာ ဥပဒေမူကြမ်း၊ အစားထိုးပြစ်ဒဏ်အစီအမံ (မူကြမ်း) နှင့် စစ်ကျင့်ဝတ်ဆိုင်ရာ လုပ်ထုံးလုပ် နည်းများ ရေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ ဥပဒေပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး လိုအပ်သော မူဝါဒနှင့် ဥပဒေရေးရာ အခြေခံများကို အဆင့်လိုက် တည်ဆောက်နိုင်ခဲ့သည်။






ဆက်သွယ်ရန် - Signal Number: +959401461480
Facebook: https://www.facebook.com/ieckarenni.dod/

နိဂုံး

ဤအစီရင်ခံစာတွင် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ ရရှိခဲ့သော ရလဒ်ကိန်းကဏန်းများ၊ ကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုများနှင့် နောင်လာမည့် ကာလအတွက် ဦးစားပေးလုပ်ငန်းအစီအစဉ်များကို ဖော်ပြထားသော်လည်း အရင်းအမြစ်အကန့်အသတ်များ၊ ဘဏ္ဍာရေးဆိုင်ရာစိန်ခေါ်မှုများနှင့် ပြင်ပစိန်ခေါ်မှုများကြောင့် မျှော်မှန်းထားသည့် အတိုင်း အပြည့်အဝမဆောင်ရွက်နိုင်သေးပါ။ မည်သို့ဆိုစေ ယခုကာလအတွင်း ကြုံတွေ့ရသော အခြေအနေများ အပေါ် အခြေခံ၍ လာမည် ၆ လ တာကာလတွင် ပိုမိုထိရောက်သော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက် အကောင်အထည်ဖော် သွားမည်ဖြစ်ပါသည်။ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းစဉ်များတွင် အစဉ်တစိုက် ပူးပေါင်းပါဝင်ပေးကြသည့် ပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများ မိတ်ဖက်အဖွဲ့အစည်းများအား ကျေးဇူးတင်ရှိပြီး ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ကရင်နီပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

